
စိတ်ကူးချိုချိုအနုပညာ
ကာမင်း
CARMEN
PROSPER MERIMEE
မောင်ထွန်းသူ

# မြန်မာပြန်သူ၏ အမှာ

ကျွန်တော်နှင့် ရင်းနှီးခင်မင်နေသော လမ်းဘေး စာအုပ်ရောင်းသမား တစ်ဦးက ကျွန်တော့်အား လူချင်းဆုံမိတိုင်း ‘ဆရာပြန်ခဲ့ဖူးတဲ့ ကင်မီလီလို ဝတ္ထုမျိုး တစ်ပုဒ်လောက် လုပ်ပါဦးလား ဆရာရယ်’ဟု တိုက်တွန်းခဲ့သည် ။ သူတိုက်တွန်းပုံမှာ ပေါ့တိပေါ့တန် မဟုတ်၊ အလွန် အလေးအနက်ထားပြီး တိုက်တွန်းခြင်းမျိုး ဖြစ်သည် ။ တိုက်တွန်းဖန် များ လာတော့လည်း သူ့စေတနာကို လေးစားသောအားဖြင့် ကင်မီလီလို ဝတ္ထုမျိုးကို ကျွန်တော် ရှာဖွေခဲ့သည် ။ ဤသို့ဖြင့် ကျွန်တော်သည် ‘ကာမင်း’နှင့် ဆုံမိရပါသည် ။

ကာမင်းသည် ဂျစ်ပစီမလေးတစ်ဦး ဖြစ်သည် ။ အများအားဖြင့် ဂျစ်ပစီမများ သည် အကျည်းတန်သည် ။ အရုပ်ဆိုးသည် ။ လှပြီဆိုတော့လည်း သူမတူအောင် လှတတ်သည် ဟု အဆိုရှိသည် ။ ကာမင်းသည် အလွန်လှ အလွန်ချောသော ဂျစ်ပစီမလေးတစ်ယောက် ဖြစ်၏။ သူ့အလှသည် သာမန်အလှမျိုး မဟုတ်။ မြင်သူများ အံ့သြလောက်အောင် ထူးထူးခြားခြား လှခြင်းဖြစ်သည် ။ နောက်ချေးပုံမှ ထွက်လာသည့် ကြာပွင့်တစ်ပွင့်သဖွယ် ကျက်သရေရှိသော အလှပိုင်ရှင်တစ်ဦး ဖြစ်၏။ သို့သော်လည်း ကာမင်းသည် သူ့အလှကို တန်ဖိုးမထား။ ဂျစ်ပစီမတစ်ယောက်ပီပီ ကာမင်းသည် အလွန်လည်သည် ။ ပရိယာယ်မာယာ အလွန်များ သည် ။ စံတင်ရလောက်အောင် လိမ်တတ် ညာတတ်သည် ။ ပြီး

တော့ ခိုးတတ်ဝှက်တတ်သည် ။ သူမြတ်နိုးသော ပစ္စည်းတစ်ခုကို လုယူရမည်ဆိုလျှင်လည်း ဦးလေးသူ မဟုတ်။ လူ့အသက် တစ်ချောင်းကိုပင်လျှင် သတ်ရဲဖြတ်ရဲသော စိတ်ရှိသည် ။ အတိုချုပ်၍ ပြောရလျှင် ကာမင်းသည် မကောင်းမှု ဒုစရိုက်တွင် သာယာမွေ့လျော်သူ ဖြစ်လေသည် ။

မည်သို့ပင်ဖြစ်စေ လူသားတစ်ဦးဖြစ်သော ကာမင်းသည် အခြားလူများကဲ့သို့ပင် ချစ်တတ်သော စိတ်ရှိသည် ။ သို့သော်လည်း သူ့အချစ်မှာ တစ်မျိုးဖြစ်သည် ။ ဘယ်တော့မှ တည်တံ့ခိုင်မြဲခြင်း မရှိ။ လျှပ်တစ်ပြက်မျှသာ တည်ရှိသော အချစ်မျိုး ဖြစ်သည် ။ သံယောဇဉ်ကင်းသော အချစ်မျိုး ဖြစ်သည် ။ တစ်ဖက်လူ၏ ပိုင်ဆိုင်ရယူလိုမှုကို လုံးဝအလေးမထားနားမလည်သော အချစ်မျိုးလည်း ဖြစ်သည် ။ ထို့ကြောင့် လည်း သူ၏ အလှကွန်ရက်တွင် တိုးဝင်ငြိတွယ်မိသူ မှန်သမျှ ဘဝပျက်ကြရသည် ။ ဤကြားထဲမှာ ပင် ကာမင်း၏ ချစ်စရာ ခင်စရာကောင်းသော၊ သနားစရာကောင်းသော၊ နှစ်လိုဖွယ်ရာ ကောင်းသော အကျင့်စရိုက်ကလေးများကို ဖျိုးခနဲ ဖျတ်ခနဲ မြင်တွေ့ရပါသည် ။ ဤတွင် ကာမင်းကို မြန်မာပြန်ဖြစ်ခဲ့ရပါသည် ။

ကာမင်းကို ဖန်တီးခဲ့သူမှာ ပြင်သစ်စာရေးဆရာ ပရော့စ်ပါးမာရီမီး 1(Prosper Merimee)ဖြစ်သည် ။ ထင်ရှား ထူးခြားခြင်း မရှိသော ပန်းချီဆရာ လီယိုနာမာရီမား 2(Leonor Merimee) ၏ သားဖြစ်၍ ၁၈၀၃ ခုနှစ်တွင် ပါရီမြို့၌ မွေးဖွားသည် ။ ရှေ့နေလုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဥပဒေပညာကို သင်ယူခဲ့သော်လည်း ငယ်စဉ်ကတည်းက ကိန်းအောင်းခဲ့သည့် စာပေဝါသနာကြောင့် သူတတ်ထားသည့် ပညာကို အသုံးမချနိုင်ခဲ့ပေ။ သူ၏ စာပေခရီးအစမှာ လည်း အောင်မြင်မှုများ စွာ မရခဲ့ပေ။ ပြဇာတ်များ ၊ ဝတ္ထုတိုများ နှင့် နိုဗီလာ 1(Noveila) ခေါ် အလ

တ်စား ဝတ္ထုအလျောက်မျှသာ ကျော်ကြား ထင်ရှားခဲ့လေသည်။

ပရော့စ်ပါး မာရီမီးကို လူသိများ လာစေခဲ့သည့် ဝတ္ထုမှာ ၁၈၄၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကိုလမ်ဘာ 2(Colomba) ဝတ္ထုဖြစ်သည်။ ကိုလမ်ဘာသည် ကော်ဆီကန်ကျွန်းသူ အမျိုးသမီးတစ်ဦး၏ အမည်ဖြစ်၍ ယင်းအမျိုးသမီး၏ သစ္စာကြီးမှုကို ရေးဖွဲ့ခဲ့ထားသော ဝတ္ထုဖြစ်သည်။ ကိုလမ်ဘာဖြင့် ကျော်ကြားလာခဲ့သော မာရီမီးသည် ၁၈၄၅ ခုနှစ်တွင် ကာမင်းကို ရေးသားထုတ်ဝေခဲ့သည်။ ကာမင်းသည် ပြင်သစ်စာပေလောက၌ သာမက ကမ္ဘာ့စာပေလောကအတွင်း၌ ပါ လူကြိုက်များ သော ဝတ္ထုဖြစ်လာခဲ့သည်။ စာပေပညာရှင်များကလည်း ကာမင်းကိုဖတ်၍ ကာမင်းကို ဖန်တီးခဲ့သူ ပရော့စ်ပါးမာရီမီးအား ချီးကျူးခဲ့ကြသည်။ ဤသို့ဖြင့် ပရော့စ်ပါးမာရီမီးသည် ကမ္ဘာစာရေးဆရာတစ်ဦး ဖြစ်လာခဲ့ရလေသည်။

ကာမင်းနှင့် ပတ်သက်၍ မာရီမီးက သူရှေးဟောင်းသမိုင်း သုတေသနလုပ်ငန်းဖြင့် ကော်ဆီကာကျွန်းသို့ ခရီးထွက်ခဲ့သည့် ၁၈၃၉ ခုနှစ်အတွင်းက တွေ့ဖူးခဲ့သော အမျိုးသမီး တစ်ယောက်၏ ဘဝကို အခြေခံ၍ ရေးဖွဲ့ထားသည့် ဝတ္ထုဖြစ်ပါသည် ဟု ဆိုသည်။ ထို့ပြင်လည်း ကာမင်းနှင့် ပတ်သက်၍ သူ၏ အမျိုးသမီးမိတ်ဆွေ မဒမ်ဒီမွန်တီဂျို 1(Madame de Montijo) ထံ ရေးသည့် စာတစ်စောင်ထဲ၌ -

'ကျွန်တော် အခုလောလောဆယ် ဝတ္ထုတစ်ပုဒ် ရေးပြီးသွားပြီ။ ဒါပေမဲ့ သွားလေသူ ဒွန်ပက်ဒရို 2(Don Pedro) အကြောင်းတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ခင်ဗျား ကျွန်တော့်ကို ပြောပြခဲ့ဖူးတဲ့ ဇာတ်လမ်းပါ။ ကျွန်တော့်ကြောင့် ဇာတ်လမ်းပျက်သွားမှာ ကိုတော့ ကျွန်တော် စိုးရိမ်နေမိပါတယ်။ ကျွန်တော်က ဂျစ်ပစီတွေအကြော

င်း စိတ်ဝင်တစား လေ့လာနေတဲ့ လူဆိုတော့ ကျွန်တော့်ဝတ္ထုရဲ့ ဇာတ်ကောင်မင်းသမီးကို ဂျစ်ပစီမလေးတစ်ယောက်အဖြစ်ဖန်တီးလိုက်ပါတယ်’ဟု ဖော်ပြခဲ့သည် ။

ယင်းအချက်သည် အလွန်စိတ်ဝင်စားစရာကောင်းသည့် အချက်တစ်ချက် ဖြစ်နေသည် ။ ကာမင်းသည် အမှန်တကယ်ပင် ဂျစ်ပစီမလေးတစ်ယောက် ဖြစ်လေသလား။ သို့တည်းမဟုတ်ဂျစ်ပစီမလေးအသွင် ဖန်ဆင်းရယူထားသည့် ကော်ဆီကန် ကျွန်းသူတစ်ဦးပေလော။ ဤအချက်သည် ဒွိဟဖြစ်စရာ အချက်တစ်ချက်ဖြစ်လာသည် ။ မည်သို့ပင်ဖြစ်စေ စာရေးဆရာဟူသည် သူမြင်ခဲ့တွေ့ခဲ့ သိခဲ့ကြားခဲ့ရသမျှ အားလုံးပေါ်တွင် ဉာဏ်ဖြင့် ဆင်ခြင်နှလုံးသွင်းတတ်သော သဘောရှိသည် ။ ယင်းကဲ့သို့ ဉာဏ်ဖြင့် ဆင်ခြင်နှလုံးသွင်းပြီးခါမှ သူစိတ်စေစားသည့် အတိုင်း ရေးဖွဲ့ဖန်တီးတတ်သော အနုပညာရှင်ဖြစ်သည် ဟူသော အဆိုကိုမူ ဤအချက်က ထောက်ခံလျက် ရှိပေသည် ။

ကာမင်းသည် ကင်မီလီကဲ့သို့ ကမ္ဘာ့စာပေလောကမှ စံပြုထားသည့် ဂန္ထဝင်ဝတ္ထုတစ်ပုဒ်ဖြစ်သည် ။ ကင်မီလီကဲ့သို့ပင် အောက်တန်းစားအမျိုးသမီးတစ်ယောက်၏ ဘဝကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည် ။ ကင်မီလီကဲ့သို့ပင် အော်ပရာဇာတ်အသွင် ဖန်တီးတင်ပြခဲ့ရာ အလွန်ကျော်ကြား၍ လူကြိုက်များ သော ဇာတ်တစ်ခုဖြစ်ခဲ့သည် ။ စာပေပညာရှင် အချို့ကလည်း ‘ကာမင်း အရင်က ဂျစ်ပစီများ အကြောင်း ရေးဖွဲ့ထားသည့် ဝတ္ထုများ အများ အပြား ပေါ်ထွက်ခဲ့ဖူးသော်လည်း မည်သည့် ဝတ္ထုမှ ကာမင်းကို မမီ’ ဟု ဆိုခဲ့ကြသည် ။ သို့သော်လည်း ကာမင်းသည် ကင်မီလီလိုနိုဗယ် 1(Novel) ဟု ခေါ်သည့် ဝတ္ထုရှည် အမျိုးအစားမဟုတ်။ နိုဗယ်လ်လက် 1(Novel) ဟု ခေါ်သည့် အတိုစားဝတ္ထုမျိုး ဖြစ်ပေသည် ။

တကယ်တော့ ကာမင်းသည် လွတ်လပ်မှုမှ တစ်ပါးအခြား ဘာကိုမှ တွယ်တာမြတ်နိုးသူ မဟုတ်။ သူ့ကိုယ်သူ 'ကာမင်းဟာ အမြဲတမ်းလွတ်လပ်နေမှာ ပါ'ဟု ပင် ပြောခဲ့သူ ဖြစ်၏။ ထိုကြောင့် လည်း သူခိုးမကလေးဘဝ၊ မိန်းမရှုင်ဘဝနှင့် အလိမ်အညာမကလေးဘဝတွင် ကျင်လည် ကျက်စားခဲ့ရသော ကာမင်းသည် အမြင့်မြတ်ဆုံးနှင့် သနားစရာ အကောင်းဆုံးသော မိန်းမလှကလေးတစ်ဦးအဖြစ် ကမ္ဘာ့ခေတ်သစ်စာပေလောကတွင် ထင်ရှားနေခြင်း ဖြစ်သည် ဟု စာပေဝေဖန်ရေးဆရာများက ဆိုခဲ့ကြပါသည် ။ စာဖတ်သူများ အနေဖြင့် ကာမင်းကို ဖတ်ပြီးသည့်အခါ ထိုအဆို မှန်မမှန် ဝေဖန်ပိုင်းခြားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည် ။

**မောင်ထွန်းသူ**
**၁၉၈၈ ခု၊ နိုဝင်ဘာလ ၁၃ ရက်။**